## ကာလတိုနေထိုင်ခွင့်ဗီဇာလျှောက်ထားရာတွင် သတိပြုရမည့်အချက်များ

ဂျပန်နိုင်ငံသို့ ကာလတိုနေထိုင်ခွင့်ဗီဇာလျှောက်ထားရာတွင် အောက်ပါအချက်များကို ကောင်းစွာ သတိပြုစေလိုပါသည်။ လတ်တလောကာလတွင် လိမ်လည်ဖော်ပြခြင်းနှင့် အတုပြုလုပ်ထားသော စာရွက်စာတမ်းများကို တင်ပြသည့် မသင့်လျော်သော ဖြစ်ရပ်များ အများအပြား တွေ့မြင်လာရသဖြင့် အထူးတလည်သတိပြုဆင်ခြင်စေလိုပါသည်။

## ၁။ တိကျမှန်ကန်သောစာရွက်စာတမ်း တင်ပြခြင်းနှင့် အတည်ပြုစစ်ဆေးခြင်း

(က) ဗီဇာလျှောက်ထားရာတွင် တင်ပြသည့်စာရွက်စာတမ်းများမှာ တိကျမှန်ကန်သောစာရွက်စာတမ်းများ ဖြစ်ရန် လိုအပ်ပါသည်။ ဗီဇာလျှောက်ထားသည့်အခါတွင် ဂျပန်နိုင်ငံသို့ သွားရောက်မည့် ရည်ရွယ်ချက်ကို လိမ်လည်ဖော်ပြခြင်းနှင့် အတုပြုလုပ်ထားသောစာရွက်စာတမ်းများ တင်ပြသည်ကို တွေ့ရှိရပါက ဗီဇာထုတ်ပေးမည်မဟုတ်ပါ။ ထို့အပြင် ယခင်က မလျော်ကန်သောလျှောက်ထားမှုကို ပြုလုပ်ခဲ့ပါက ဗီဇာလိမ်လည်လျှောက်ထားသူနှင့်၄င်း၏မိသားစု၊ အုပ်စုအဖွဲ့အစည်း၏ နောက်နောင် ဗီဇာစီစစ်ရာတွင် ကြီးမားသောအကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေပါမည်။

(ခ) ဗီဇာလျှောက်ထားသောအကြောင်းအရာနှင့်ပတ်သတ်၍ ဖုန်း သို့မဟုတ် လူတွေ့စစ်ဆေးခြင်းတို့ဖြင့် အချက်အလက် အတည်ပြု စစ်ဆေးမှုများဆောင်ရွက်နိုင်ပါသည်။ ထိုအခါ ဆက်သွယ်၍မရခြင်း၊ အချက်အလက် အတည်ပြုစစ်ဆေးခြင်းများ ပြုလုပ်၍မရသည့်အခါ ဗီဇာထုတ်ပေးမည်မဟုတ်ပါ။

## ၂။ ကာလတိုနေထိုင်ခွင့်ဖြင့် ဆောင်ရွက်နိုင်သောလုပ်ဆောင်မှုများ

(က) နေထိုင်ခွင့်အရည်အချင်း 「ကာလတိုနေထိုင်ခြင်း」 ဖြင့် ဂျပန်နိုင်ငံတွင် ပြုလုပ်နိုင်သော ဆောင်ရွက်ချက်များမှာ ဂျပန်နိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေးနှင့် ဒုက္ခသည်များအသိအမှတ်ပြုရေးဥပဒေအရ 「ဂျပန်နိုင်ငံတွင် ကာလတိုနေထိုင်၍ ဆောင်ရွက်ရသော Sightseeingအလည်အပတ်၊ ကျန်းမာရေးအတွက် အနားယူအပန်းဖြေခြင်း၊ အားကစား၊ ဆွေမျိုးသားချင်း/အသိမိတ်ဆွေထံ အလည်အပတ်သွားခြင်း၊ လေ့လာရေး၊ သင်တန်း သို့မဟုတ် ဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်ခြင်း၊ လုပ်ငန်းပိုင်းဆိုင်ရာ ဆက်သွယ်ဆောင်ရွက်ခြင်း နှင့် အခြား၄င်းတို့နှင့် ဆက်နွယ်သော ဆောင်ရွက်ချက်များ」 ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဂျပန်နိုင်ငံသို့အခြေစိုက်ရွှေ့ပြောင်း၍ အသက်မွေးဝမ်းကြောင်းပြုခြင်းနှင့် အခြားလှုပ်ရှားမှုများကိုပြုလုပ်ရန် ရည်ရွယ်ထားသူများနှင့် ဂျပန်နိုင်ငံတွင် ကာလလတ်၊ ကာလရှည်နေထိုင်ရန် စီစဉ်ထားသူများသည် ကာလတိုနေထိုင်ခွင့်ဗီဇာ ထုတ်ပေးရန် အကျုံးဝင်သူများမဟုတ်ပါ။

အကယ်၍ တစ်ကြိမ်တစ်ခါပင်ဖြစ်စေအတုပြုလုပ်ထားသောအကြောင်းအရာဖြင့် လျှောက်ထားခြင်းရှိခဲ့ပါက **အထက်ဖော်ပြပါနံပါတ်(၁)**အတိုင်း ဗီဇာထုတ်ပေးခြင်းမရှိသည့်အပြင် နောက်နောင်တွင်လည်း ယခင်က အတုပြုလုပ်ထားသောအကြောင်းအရာဖြင့် လျှောက်ထားဖူးသည့်အဖြစ်မှန်က မှတ်တမ်းဝင်ထားကာ ကြီးမားသောအကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေမည် ဖြစ်ပါသည်။

(ခ) ဂျပန်နိုင်ငံလူဝင်မှုကြီးကြပ်ရေးနှင့်ဒုက္ခသည်များအသိအမှတ်ပြုရေးဥပဒေအရ 「ကာလတိုနေထိုင် ခြင်း」 ဆိုသည့် နေထိုင်ခွင့်အရည်အချင်းဖြင့် ဂျပန်နိုင်ငံတွင်နေထိုင်မည်ဆိုပါက ဝင်ငွေရရှိနိုင်သော အလုပ်လုပ်ခြင်းများကို လုံးဝခွင့်မပြုထားပါ။ ဤအချက်ကို ချိုးဖောက်လျှင် ဂျပန်နိုင်ငံအတွင်းတွင် ရာဇဝတ်ပြစ်မှုအဖြစ် အပြစ်ပေးခံရနိုင်ပါသည်။ ရာဇဝတ်ပြစ်မှုအဖြစ် အပြစ်ပေးခံရပါက နောင်အခါ ဗီဇာစီစစ်ရာ၌ ကြီးမားသောအကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေမည် ဖြစ်ပါသည်။

ထို့ကြောင့် အလုပ်လုပ်ခြင်း၊ ကျောင်းတက်ခြင်းစသည့် ရည်ရွယ်ချက်ဖြင့် ဂျပန်နိုင်ငံသို့ ကာလလတ်၊ ကာလရှည် သွားရောက်ရန်ဆန္ဒရှိသူများအနေဖြင့် ဂျပန်နိုင်ငံလူဝင်မှုနေထိုင်ခွင့်ကြီးကြပ်ရေးဌာနတွင် သက်ဆိုင်ရာရည်ရွယ်ချက်အလိုက် ကာလရှည်နေထိုင်ခွင့်လက်မှတ် (COE) ကို ရယူပြီးမှသာ ဗီဇာလျှောက်ထားရမည်ဖြစ်ပါသည်။